City School District of
ALBANY

# ခရုန်းဘုတ် တစ်ယောက်တစ်လုံး နှင့်ပက်သက်သည့် လက်စွဲစာအုပ်

၂၀၂၀-၂၀၂၁

**ခြုံငုံသုံးသပ်ချက်....................................................................................................................... ၂**

တစ်ယောက်တစ်လုံး ရည်မှန်းချက်.................................................................................................၂

**ဝတ္တရားများ....................................................................................................................................... ၂**

ကျောင်းသား၏ ဝတ္တရားများ........................................................................................................၂

မိဘ၏ ဝတ္တရားများ...................................................................................................................၃

ခရိုင်၏ ဝတ္တရားများ...................................................................................................................၃

**မှန်မှန်ကန်ကန်အသုံးပြုရေး လမ်းညွှန်ချက်များ.......................................................................................၃**

သာမန်ထိန်းသိမ်းခြင်း...................................................................................................................၃

သာမန် အသုံးပြုခြင်း နှင့် စီမံခန့်ခွဲမှု..........................................................................................၄

**အကူအညီ နှင့် ပြုပြင်ခြင်းများ.......................................................................................................၄**

အကူအညီ နှင့် ပြဿနာဖြေရှင်းခြင်း...........................................................................................၄

ပြုပြင်ခြင်း နှင့် ကုန်ကျစရိတ်များ.................................................................................................၅

**ကျောင်းသား သဘောတူညီချက်.......................................................................................................၆**

# ခြုံငုံသုံးသပ်ချက်

## တစ်ယောက်တစ်လုံး ရည်မှန်းချက်

အယ်လ်ဘေးနီ စီးတီး ကျောင်းခရိုင်၏ ခရုန်းဘုတ်တစ်ယောက်တစ်လုံး (၁:၁) အစီအစဉ်က အဓိက အာရုံစိုက်သည်မှာ ၂၁ ရာစု လေ့လာသူများအတွက် ကိရိယာ နှင့် အရင်းအမြစ်များ စီစဉ်ထုတ်ပေးရန် ဖြစ်ပါသည်။ ပညာရေးတွင် ကောင်းမွန်ရန် နည်းပညာကို ပညာရေး အစီအစဉ်တောက်လျှောက်တွင် အဆက်အစပ်မဲ့ ပေါင်းစပ်ထည့်သွင်းပေးရန် လိုအပ်ပါသည်။ နည်းပညာကို ပိုမိုအသုံးပြုနိုင်ရေးသည် မရှိမဖြစ်လိုအပ်ပါသည်။
သင်ကြားရေး နည်းပညာများက ကျောင်းသားများ လေ့လာမှုတွင် ပါဝင်မှု နှင့် စိတ်အားထက်သန်မှုကို ပိုမိုမြှင့်တင်ပေးနိုင် ပြီး ကျောင်းသားများ ဗဟုသုတ နှင့် စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များ ပိုင်ဆိုင်နိုင်အောင် အထောက်အပံ့များပေးနိုင် ကြောင်းကို သက်သေပြနိုင်ခဲ့ပြီး ဖြစ်ပါသည်။ တစ်ယောက်တစ်လုံး အစီအစဉ်၏ ရည်မှန်းချက်မှာ ကျောင်းသားများသည် နည်းပညာကို ပုံမှန် နှင့် ပွင့်လင်းမြင်သာမှုရှိစွာ ပေါင်းစပ်မှု နှင့် ဆန်းသစ်တီထွင်သော သင်ကြားရေးနည်းလမ်းများဖြင့် လေ့လာနိုင်၊ မျှဝေနိုင်၊ ပူးပေါင်းလုပ်ဆောင်နိုင်၊ ချက်ကျလက်ကျ စဉ်းစားနိုင်၊ ပြဿနာများ ဖြေရှင်းနိုင်စေရန် ဖြစ်ပါသည်။

ကျောင်းသားများသည် ၎င်းတို့၏ ခရိုင်ကထုတ်ပေးသည့် ကိရိယာများကို လုံခြုံစွာ ဘေးကင်းစွာ အလုပ်လုပ်နိုင်သည့် အခြေအနေတွင် ထားပြီး ခရိုင်နည်းပညာ နှင့် ကွန်ယက်အရင်းအမြစ်များကို နည်းမှန်လမ်းမှန် အသုံးပြုလိမ့်မည်ဟု မျှော်လင့်မိပါသည်။ သက်ဆိုင်သူများ၏ ဝတ္တရားအသီးသီးကို ဤလက်စွဲစာအုပ်တွင် ဖော်ပြထားပြီး စာအုပ်ပါအချက် အလက်များက ၎င်းမျှော်လင့်ချက်များနှင့်ကိုက်ညီစေရန် ကျောင်းသားများ နှင့် မိဘများကို ကူညီပေးနိုင်ပါလိမ့်မည်။

# ဝတ္တရားများ

## ကျောင်းသား၏ ဝတ္တရားများ

ကျောင်းသားများသည် နည်းပညာကို နည်းမှန်လမ်းမှန်အသုံးပြုလိမ့်မည်ဖြစ်ပြီး နည်းပညာ နှင့် ခရိုင် ကွန်ယက် အရင်းအမြစ်များကို သင့်တင့် လျောက်ပတ်စွာ အသုံးပြုရန် လိုအပ်ကြောင်း နားလည်ကြသည်ဟု ကျွန်ုပ်တို့ မျှော်လင့် ယုံကြည်ထားပါသည်။ အိမ်သို့ထုတ်ပေးလိုက်သည့် တစ်ယောက်တစ်လုံးစီ (၁:၁) ကိရိယာများအပေါ် ကျောင်းသားများ နှင့် မိသားစုများက ခရိုင်၏မျှော်လင့်ချက်အတိုင်း လိုက်နာကြရမည် ဖြစ်ပါသည်။ ခရိုင်ကထုတ်ပေးသည့် ကိရိယာများကို အိမ်တွင် အသုံးပြုရာတွင် ကျောင်းတွင် အသုံးပြုသည့် စံနှုန်းများအတိုင်း အသုံးပြုကြရမည်ဖြစ်ပြီး အောက်ပါ ခရိုင်၏ မူဝါဒများကို လိုက်နာကြရမည် ဖြစ်ပါသည်။

- ကွန်ပြူတာ ကွန်ယက် နှင့် အင်တာနက် မှန်မှန်ကန်ကန် အသုံးပြုရေး (၄၅၂၆၊ ၄၅၂၆.၁ နှင့် ၄၅၂၆အေ)
- ကိုင်တွယ်လုပ်ဆောင်ပုံ ကျင့်ဝတ် (၅၃၀၀)
- ခရိုင်ကပိုင်သည့် ပစ္စည်း နှင့် ကိရိယများကို ခွင့်ပြုချက်ဖြင့် အသုံးပြုခြင်း (၈၃၃၀)

ကျောင်းသား၏ အသုံးပြုမှု နှင့် အပြုအမူကို ထိန်းကျောင်းသည့် မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများအပြင် အောက်ပါတို့ကို ကျောင်းသားများက လိုက်နာ**လိမ့်မည်**ဟု ခရိုင်ကမျှော်လင့်ပါသည်-

- ခရိုင်ကထုတ်ပေးလိုက်သော ကွန်ပြူတာနည်းပညာကို စဉ်းစားချင့်ချိန်ပြီး စောင့်ရှောက်ထိန်းသိမ်းရမည်။
- ကျောင်းစာသင်နှစ်ပြီးဆုံးချိန် (သို့မဟုတ် ကျောင်းသား စာရင်းပေးသွင်းမှု) တွင် ထုတ်ပေးထားသော ခရုန်းဘုတ်ကို ထုတ်ပေးထားသည့် အချိန်က အနေအထားအတိုင်း ပြန်အပ်ရမည်။
- ကိရိယာများကို အမြဲလိုလို လုံခြုံစွာ သိမ်းဆည်းထားရမည်။
- ပျက်ဆီးထိခိုက်မှု သို့မဟုတ် အခိုးခံရပါက ဆရာ/မိဘ/ကျောင်းစီမံခန့်ခွဲသူ ထံသို့ ချက်ချင်း အကြောင်းကြားရမည်။
- ၁:၁ ကိရိယာကို ညဘက်တွင်အားသွင်းထားပြီး နေ့လည်ဘက်တွင် အမြဲအားရှိနေစေရမည်။ အားအပြည့်သွင်းထားသော ကိရိယာများသည် ကျောင်းစာသင်ရက်တစ်ရက်အတွက် လုံလောက်သော ဘက်ထရီပမာဏရှိပါသည်။ အားသွင်းကြိုး/စက်များကို အိမ်တွင် ထားခဲ့ရမည်။
- ခရိုင်ကထုတ်ပေးထားသော ခရုန်းဘုတ်များကို ဒီဂျစ်တယ်လ်ခေတ်နိုင်ငံသားတစ်ယောက်လိုက်နာရမည့် စည်းကမ်းများကို လိုက်နာရမည်။

ကျောင်းသားများသည် အောက်ပါတို့ကို **မပြုလုပ်ရပါ-**

- ကျောင်းကထုတ်ပေးသော ကိရိယာများပေါ်တွင် ပုံဆွဲခြင်း၊ ပုံပျက်အောင်လုပ်ခြင်း၊ စတစ်ကာများ ကပ်ခြင်း

- အင်တာနက် ဖစ်တာဆော့ဖ်ဝဲလ်များ၊ ကိရိယာ ဆက်တင်များ၊ ဟတ်ဒ်ဝဲလ်၊ ဆော့ဖ်ဝဲလ် သို့မဟုတ် ကွန်ယက် ကွန်ဖစ်ဂါရေးရှင်းများဖြင့် ကျော်လွှားရန်၊ ခုန်ကျော်ရန် သို့မဟုတ် ဖောက်ထွက်ရန် ကြိုးစားခြင်း။
- ခရိုင်ကထုတ်ပေးထားသည့် ကိရိယာဖြင့် စီးပွားရေး သို့မဟုတ် နိုင်ငံရေး ကိစ္စရပ်များတွင် အသုံးပြုခြင်း
- တစ်ကိုယ်ရေးအသုံးပြုရန် နှင့်/သို့မဟုတ် ကိုယ်ကျိုးအတွက်အတွက် ဆော့ဖ်ဝဲလ်များ (ဂိမ်းများ၊ လူမှုကွန်ယက်များ၊ မက်ဆေ့ချ်အက်ပ်စ်များ စသည်ဖြင့်) ထည့်သွင်းခြင်း

## မိဘ၏ ဂတ္တရားများ

ကျောင်းသား၏ အောင်မြင်မှုနှင့်ပက်သက်လာလျှင် အထောက်အပံ့ပေးရန်အတွက် မိဘ၏ အခန်းကဏ္ဍသည် အဓိကကျပါသည်။ ခရုန်းဘုတ် တစ်ယောက်တစ်လုံးစီ အစီအစဉ် အောင်မြင်စေရန်အတွက် မိဘများကလည်း ဂတ္တရားအချို့ကို ခွဲဝေယူရန် လိုအပ်ပါသည်။ ခရုန်းဘုတ်တစ်လုံးကို လက်ခံရရှိသောကျောင်းသားတစ်ယောက်၏ မိဘ/အုပ်ထိန်းသူများအပေါ် ခရိုင်က အောက်ပါတို့ကို မျှော်လင့်ပါသည်။

- ကိရိယာ အသုံးပြုမှုအပေါ် အထွေထွေ စောင့်ကြည့်ပေးရန် အထူးသဖြင့် အင်တာနက် အသုံးပြုခြင်း သို့မဟုတ် ဒီဂျစ်တယ် မီဒီယာ အချက်အလက်များကို အသုံးပြုရာတွင် သင့်ကလေးလိုက်နာသင့်သည့် အချိန် နှင့် အကြောင်းအရာကန့်သတ်ချက်များကို ဆွေးနွေးပေးရန်။
- အခြားကလေးများ နှင့် မိသားစုဝင်များက ကိရိယာကို တစ်ကိုယ်ရေအတွက် အသုံးမပြုစေခြင်း။
- ကိရိယာကို ပြန်မအပ်ဖြစ်လျှင်၊ ပျက်ဆီး ပျောက်ဆုံး သို့မဟုတ် အခိုးခံရလျှင် ပြင်ဆင်ရန် သို့မဟုတ် အစားထိုးလျော်ပေးရန်အတွက် တာဝန်ရှိသည်ဟု ယူဆထားရန်။
    - အခိုးခံရပါက ရဲထံသို့ မဖြစ်မနေ တိုင်ကြားရပါမည်။

## ခရိုင်၏ ဂတ္တရားများ

အယ်လ်ဘေးနီ စီးတီးကျောင်းခရိုင်သည် အစီအစဉ်အောင်မြင်စေရန်အတွက် ကိရိယာများကို ထုတ်ပေးလိုက်ခြင်းအပြင် အခြားဂတ္တရားများလည်း ရှိပါသေးသည်။ ဘေးကင်းသော စိတ်ချရသော အဓိပ္ပာယ်ရှိသော သင်ကြားရေးနည်းပညာ အတွေ့အကြုံကို ရရှိစေရန်အတွက် ခရိုင်အနေဖြင့် အောက်ပါတို့ကို လုပ်ဆောင်ပါမည်။

- ကျောင်းတွင်း နှင့် ကျောင်းပြင်ပတွင် အသုံးပြုခြင်းအတွက် အင်တာနက် အကြောင်းအရာများကိုစစ်ထုတ်ပေးခြင်း။ အကြောင်းအရာ စစ်ထုတ်ခြင်းသည် ၁၀၀% စိတ်မချရသဖြင့် မိဘများကစောင့်ကြည့်ပေးရန် နှင့် သတိထားရန်မှာ အရေးကြီးပါသည်။
- နည်းလမ်းမကျသည့် အသုံးပြုမှု နှင့် အရင်းအမြစ်များကို မမှန်မကန်အသုံးပြုမှုများကို စုံစမ်းစစ်ဆေးခြင်း။
- ကျောင်းတွင်း နှင့် ကျောင်းပြင်ပတွင် အသုံးပြုခြင်းအတွက် အလိုအလျောက် ဆော့ဖ်ဝဲလ် နှင့် လုံခြုံရေး အဆင့်မြှင့်တင်မှုများပြုလုပ်ပေးခြင်း။
- အခြေခံပြင်ဆင်မှုများကို သင့်တင့်လျောက်ပတ်သော ကုန်ကျစရိတ်ဖြင့် လုပ်ဆောင်ပေးခြင်း။ အကြီးစားပြင်ဆင်မှုများအတွက် ပရောဖက်ရှင်နယ် ဆိုင်များတွင် ကုန်ကျစရိတ်များများဖြင့် ပြင်ဆင်ရနိုင်ပါသည်။
    - ကျောင်းသား နှင့် ၄င်းတို့၏ မိဘ/အုပ်ထိန်းသူများသည် ၄င်းတို့၏ ၁:၁ ကိရိယာများကို ပြင်ဆင်ခြင်းအား တားမြစ်ထားပါသည်။ ပြဿနာဖြစ်နေသော သို့မဟုတ် ထိန်းသိမ်းမှုများလိုအပ်သော ၁:၁ ကိရိယာများအား နည်းပညာအထောက်အပံ့ နှင့်/သို့မဟုတ် ပြုပြင်ရန်အတွက် ခရိုင်ထံသို့ ပြန်လည် အပ်နှံရပါမည်။

# မှန်မှန်ကန်ကန်အသုံးပြုရေး လမ်းညွှန်ချက်များ

## သာမန် ထိန်းသိမ်းခြင်း

သာမန် စဉ်းစားထိန်းသိမ်းမှုအားဖြင့် ခရုန်းဘုတ်တစ်လုံးကို ပြဿနာကင်းကင်းဖြင့် ပျမ်းမျှ ငါး (၅) နှစ်ခန့် အသုံးပြုနိုင်ပါလိမ့်မည်။ ခရုန်းဘုတ်ကို အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေအနေတွင်ထားရန်အတွက် ရိုးရှင်းသော နည်းလမ်းများကို လုပ်ဆောင်ပေးရန် အလွန်အရေးကြီးပါသည်။

- စခရင်ကို သန့်ရှင်းပြီး နူးညံ့သော အဝတ်စဖြင့်သာ သန့်ရှင်းရေးလုပ်ရန်။ မည်သည့် သန့်စင်ရည်ကိုမျှ မသုံးရ။
- မပျက်ဆီးစေရန်အတွက် ကြိုးများကို ခရုန်းဘုတ်အတွင်းသို့ သေချာစွာ ထည့်သွင်းထားရပါမည်။
- ခရုန်းဘုတ်များသည် အပူဒဏ် နှင့် အအေးဒဏ်ကို ခံနိုင်စွမ်းမရှိပါ။ ခရုန်းဘုတ်များကို ပူလွန်းအေးလွန်းသော နေရာတွင် မထားပါနှင့်။
- ခရုန်းဘုတ်ကို အသုံးပြုပြီးပါက ဖြေးညှင်းစွာ ပိတ်ပါ။ ခရုန်းဘုတ်၏ ကာဗာကို ထုထောင်းခြင်းမပြုလုပ်ပါနှင့်။ ယင်းသို့အားဖြင့် စခရင်ကို ပျက်ဆီးစေနိုင်ပါသည်။
- ခရုန်းဘုတ်ကို လူမရှိသောနေရာ၊ သော့ခတ်မထားသောနေရာ နှင့် စောင့်ကြည့်သူမရှိသောနေရာတွင် မထားခဲ့ပါနှင့်။
- ခရုန်းဘုတ်များကို ကျောင်းသား၏ လော့ကာထဲတွင် သော့ခတ်ပြီး ထားခဲ့ရပါမည်။ လော့ကာထဲတွင်ထားထားချိန်တွင် ခရုန်းပေါ်တွင် မည်သည့်ပစ္စည်းမျှ တင်မထားရပါ။

## သာမန် အသုံးပြုခြင်း နှင့် စီမံခန့်ခွဲမှု

ခရိုင်ကထုတ်ပေးလိုက်သော ကိရိယာများသည် ကျောင်းတွင်း နှင့် ကျောင်းပြင်ပတွင် အကောင်းဆုံး သင်ယူမှုအတွေ့အကြုံကို ရရှိစေရန် ထုတ်ပေးထားခြင်း ဖြစ်ပါသည်။ ကိရိယာအသုံးပြုမှုအပေါ် ထိန်းကျောင်းသည့် ယခင်ကဖော်ပြထားပြီးဖြစ်သော လက်ရှိမူဝါဒအားလုံးသည် အချိန်တိုင်း နေရာတိုင်းအတွက် သက်ရောက်မှုရှိပါသည်။ ထိန်းကျောင်းရေး မူဝါဒများအပြင် ခရိုင်ကထုတ်ပေးသော ကိရိယာများသည် အောက်ပါတို့နှင့်လည်း အကျုံးဝင်ပါသည်။

- အချိန်မရွေး သိမ်းယူခြင်း နှင့် စစ်ဆေးခြင်း။ ။ ခရုန်းဘုတ်ကို စစ်ဆေးရသည့် အကြောင်းရင်းများတွင် အောက်ပါတို့အပြင် အခြားအချက်များ လည်းရှိနိုင်သေးပါသည်။ လုပ်ဆောင်ချက် စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊ နှင့် ခရုန်းဘုတ်အသုံးပြုမှုနှင့်ပက်သက်ပြီး ကျောင်းသား၏ လုပ်ဆောင်ပုံများ
- ခရုန်းဘုတ်အသုံးပြုခြင်းနှင့်ပက်သက်ပြီး ကျောင်းသားတွင် ကိုယ်ရေးကိုယ်တာလုံခြုံမှုရှိသည်ဟု မမျှော်လင့်ထားရန်ဖြစ်ပါသည်။ ခရိုင်က ကြိုတင်အသိပေး ခွင့်ပြုချက် ရယူခြင်းမရှိဘဲ ကျောင်းသား၏ ခရုန်းဘုတ်အသုံးပြုခြင်းကို ဝင်ရောက်ခြင်း၊ ကြီးကြပ်ခြင်း၊ ဝင်သုံးခြင်း၊ ဝင်ကြည့်ခြင်း၊ နှင့် စောင့်ကြည့်ခြင်းများကို ခရိုင်လုပ်ဆောင်မှုပုံစံအတိုင်း လုပ်ဆောင်နိုင်ပါသည်။
- ခရုန်းဘုတ်အားလုံးပေါ်တွင် ခရိုင်၏ပစ္စည်းဖြစ်ကြောင်း တံဆိပ်ကို တပ်ဆင်ထားပါလိမ့်မည်။ ၄င်းတံဆိပ်ကို မွမ်းမံခြင်း ဖျက်ဆီးခြင်းများ မပြုလုပ်ရ။ ခရိုင်၏ပစ္စည်းဖြစ်ကြောင်း တံဆိပ်ကို ဖျက်ဆီးပါက သို့မဟုတ် ပြန်အပ်ချိန်တွင် တံဆိပ်မပါပါက ကျောင်းသားသည် အစားထိုးကုန်ကျစရိတ်အပြည့်ကို လျော်ပေးရမည်ဖြစ်ပါသည်။
- ကိရိယာကို ကျောင်းတွင် ကျောင်းသင်ခန်းစာအတွက်အသုံးပြုနေပါက ကျောင်းသားသည် စာသင်ခန်းနှင့်သက်ဆိုင်သော ကိစ္စရပ်အတွက်သာ ကိရိယာကို အသုံးပြုရမည် ဖြစ်ပါသည်။ စာသင်ခန်းနှင့် မသက်ဆိုင်သည့် ကိစ္စရပ်များကို အသုံးပြုနေကြောင်း တွေ့ရှိရပါက ပေးအပ်ထားသည့် အခွင့်အရေးများ ဆုံးရှုံးသွားနိုင်ပြီး စည်းကမ်းအရလည်း အရေးယူခံရနိုင်ပါသည်။
- ခရုန်းဘုတ်များတွင် ကင်မရာများ ပါဝင်ပါသည်။ ခရိုင်အနေဖြင့် အဝေးမှနေ၍ ကင်မရာကို ဖွင့်လို့ **မရပါ။** မည်သည့်အချိန်တွင်မဆို ကျောင်းသားကို ကင်မရာဖြင့် စောင့်ကြည့်လို့မရပါ။

# အကူအညီ နှင့် ပြုပြင်ခြင်းများ

## အကူအညီ နှင့် ပြဿနာဖြေရှင်းခြင်း

ခရုန်းဘုတ်များသည် အလွန်အမင်းရိုးရှင်းပြီး စိတ်ချစွာ အသုံးပြုနိုင်သော်လည်း အကူအညီများ လိုအပ်သည့် အခြေအနေများလည်း ရှိပါသည်။ အထွေထွေ နည်းပညာ အကူအညီများကို ပုံမှန် ရုံးဖွင့်ရက် ရုံးဖွင့်ချိန်တွင် နည်းပညာ အကူအညီ ရုံး (၅၁၈.၄၇၅.၆၁၇၅) ထံသို့ ဆက်သွယ်နိုင်ပါသည်။ အကူအညီ ရုံး သည် ခရိုင်ကထုတ်ပေးထားသော ကိရိယာများနှင့်ပက်သက်သည့် နည်းပညာ အထောက်အပံ့ကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင် ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

တစ်ကိုယ်ရေ နည်းပညာ အတွက် အကူအညီများ ပေးနိုင်လိမ့်မည် မဟုတ်ပါ။ အွန်လိုင်းမှ သင်ကြားပေးခြင်း နှင့်သက်ဆိုင်သည့် အကူအညီကို ဆရာ သို့မဟုတ် ကျောင်းစီမံခန့်ခွဲသူထံသို့ ဆက်သွယ်ရပါလိမ့်မည်။ ခရိုင်သည် သင်ကြားရေး နည်းပညာ/အွန်လိုင်းမှသင်ယူရေး အရင်းအမြစ်များစွာ ရှိပြီး ခရိုင်ဝက်ဘ်ဆိုက်ဒ်၏ အောက်ပါလင့်ခ်တွင် တွေ့နိုင်ပါသည်။
https://www.albanyschools.org/academics/distance-learning

ပညာရှင်တစ်ယောက်က ပြဿနာ ကိုဖုန်းဖြင့် ဖြေရှင်းပေးရန် ကြိုးစားပါလိမ့်မည်။ ပညာရှင်က ကျောင်းသား၏ ကိရိယာကို မျက်မြင်ကိုယ်တွေ့ ဖြေရှင်းရန် လိုအပ်သည်ဟု ဆုံးဖြတ်ပါက ပညာရှင်က လက်မှတ်တစ်စောင် ထုတ်ပေးလိမ့်မည်ဖြစ်ပြီး ကိရိယာကို ကျောင်းသားက ကျောင်းရုံး သို့မဟုတ် သတ်မှတ်ထားသော ခရုန်းဘုတ် မန်နေဂျာထံသို့ ယူဆောင်လာပေးရန် ညွှန်ကြားပါလိမ့်မည်။

အကူအညီရယူရန် ခရိုင်ကို မဆက်သွယ်မီ အောက်ပါ ပြဿနာဖြေရှင်းနည်းများက ပြဿနာကို ဖြေရှင်းကောင်း ဖြေရှင်းနိုင်ပါလိမ့်မည်။

- ခရုန်းဘုတ်အသုံးပြုခြင်းအကြောင်းမိတ်ဆက် ကို ကျွန်ုပ်တို့ ခရိုင်၏ ဝက်ဘ်ဆိုက်ဒ် တွင် ရှာတွေ့နိုင်ပါသည်။ https://www.albany.k12.ny.us/portals/0/documents/chromebook_intro_guide.pdf
- ပြဿနာဖြေရှင်းရန် ပထမဆုံးအဆင့်အဖြစ် အမြဲ ကိရိယာကို ပိတ်ပြီး ပြန်ဖွင့်ပါ။
- အင်တာနက်ကို ချိတ်ဆက်လို့မရပါက ကြိုးမဲ့စနစ်ကို ဖွင့်ထားရန် နှင့် ကိရိယာသည် ကွန်ယက်တစ်ခုနှင့် ချိတ်ဆက်ထားပါ။

- ဘက်ထရီတွင် အားရှိပါစေ။ မရှိပါက ပါဝါကြိုးဖြင့် ကိရိယာကို ချိတ်ဆက်ပါ။
- အိမ်တွင် ခရုန်းဘုတ်မှ စာရွက်စာတမ်းများကို ပုံနှိပ်ရန်အတွက် ဂူဂဲလ် ကလောက် ပရင့် စလူးရှင်းဖြင့် ၄င်းတို့၏ အိမ်မှ ပရင့်တာများဖြင့် ချိတ်ဆက်နိုင်ပါသည်။ ဂူဂဲလ် ကလောက် ပရင့် အကြောင်း အချက်အလက်ကို ဤတွင် ရနိုင်ပါသည်။ http://www.google.com/cloudprint/learn/
- ၆-၁၂ တန်း ရှိကျောင်းသားများသည် လျို့ဝှက်စကားလုံးများကို ပြောင်းလဲရန် နှင့် သတ်မှတ်ရန်အတွက် ခရိုင်၏ လျို့ဝှက်စကားလုံး ကိုယ်တိုင်-ဝန်ဆောင်မှု စီမံခန့်ခွဲမှု စနစ်ကို အသုံးပြုသင့်ပါသည်။ မှတ်ပုံတင်ရန် နှင့် ၄င်းစနစ်ကို အသုံးပြုရန် လမ်းညွှန်ချက်ကို အောက်တွင် တွေ့နိုင်ပါသည်။
    - လျို့ဝှက်စကားလုံး ပြန်သတ်မှတ်ရန် ကိရိယာ။ ။ https://ssrpm.albany.k12.ny.us/
    - သင်တန်းပေး ဗီဒီယို။ ။ https://youtu.be/yQM25wmLZ4I

# ပြုပြင်ခြင်း နှင့် ကုန်ကျစရိတ်များ

တစ်ယောက်တစ်လုံးစီ အစီအစဉ်ကို နှစ်လည်တွင် အကောင်အထည်ဖော်ရသဖြင့် အာမခံဝန်ဆောင်မှု ထား၍ မရနိုင်တော့ပါ။ ၂၀၂၀-၂၀၂၁ စာသင်နှစ်အတွက် ခရိုင်သည် ကိုယ်တိုင်-အာမခံထားခြင်း အစီအစဉ်ကို ကျခံပေးခြင်းမရှိပါ။ ၂၀၂၁-၂၀၂၂ စာသင်နှစ်အတွက် ကိရိယာများပြန်ထုတ်ပေးခြင်း စတင်ချိန်တွင် မိသားစုက စိုက်ထုတ်ရမည့် အာမခံအစီအစဉ်ရှိပါသည်။ နှစ်စဉ်ကြေး နှင့် အကျုံးဝင်မှုများနှင့်ပက်သက်သည့် အသေးစိတ်များကို နောင်နှစ်အစတွင် စီစဉ်ပေးပါလိမ့်မည်။

မှန်မှန်ကန်ကန် စောင့်ရှောက်မှု နှင့် တာဝန်ခံမှုရှိရှိ အသုံးပြုခြင်းအားဖြင့် ယင်းအကြမ်းခံသည့် ကိရိယာများသည် ထိန်းသိမ်းမှု သို့မဟုတ် ပြင်ဆင်မှု မလိုပါ သို့မဟုတ် အနည်းငယ်သာလိုပါသည်။ ထိရောက်မှုအရှိဆုံး နှင့် အသက်သာဆုံး "အာမခံ"မှာ တာဝန်ခံမှုရှိရှိဖြင့် အသုံးပြုခြင်း ဖြစ်ပါသည်။ သာမန်အသုံးပြုခြင်းကြောင့်ဖြစ်သော ပျက်ဆီးမှု သို့မဟုတ် ကိရိယာ ပုံမှန်အလုပ်မလုပ်ခြင်းများအတွက် ပြင်ဆင်စရိတ်ကို အယ်လ်ဘေးနီ စီးတီ ကျောင်းခရိုင် က ကျခံပါလိမ့်မည်။ ကျောင်းသားတစ်ယောက်တည်း/ကိရိယာတစ်ခုတည်း အတွက် မကြာခဏ ပျက်ဆီးခြင်း နှင့် -တမင်တကာဖြစ်စေ မတော်တဆဖြစ်စေ- အခြား ပျက်ဆီးခြင်း၊ အခိုးခံရခြင်း များအတွက်မူ ကျောင်းသား၏ တာဝန်သာဖြစ်ပါလိမ့်မည်။ ၂၀၂၀-၂၀၂၁ စာသင်နှစ်အတွက် သာမန် ခရုန်းဘုတ် ပြင်ဆင်စရိတ်များကို အောက်တွင် ဖော်ပြထားပါသည်။

***ပြင်ဆင်မှုအမျိုးအစားအားလုံးကို ကိုယ်စားမပြုပါ။ ပြင်ဆင်မှုပေါ် မူတည်ပြီး ကုန်ကျစရိတ် ကွဲပြားနိုင်ပါသည်။**

| ပြင်ဆင်မှု/အစားထိုး စရိတ် | အပြည့်ကုန်ကျစရိတ် | ပထမအကြိမ်တောင်းခံခြင်း | ဒုတိယအကြိမ်တောင်းခံခြင်း | အခြား တောင်းခံခြင်းအားလုံး |
|---|---|---|---|---|
| မတော်တဆ ဆိုးရွားစွာ ပျက်ဆီးခြင်း | $၂၆၅ | အခမဲ့ | ကုန်ကျစရိတ်၏ ၅၀% | ပြင်ဆင်ရန်ကုန်ကျစရိတ်အပြည့် |
| အခိုးခံရခြင်း (ရဲအမှုဖွင့်ပြီး) | $၂၆၅ | အခမဲ့ | ကုန်ကျစရိတ်၏ ၅၀% | လဲလှယ်ရန်ကုန်ကျစရိတ်အပြည့် |
| လျစ်လျူရှုမှုကြောင့် ပျောက်ဆုံးပျက်ဆီးခြင်း | $၂၆၅ | ကုန်ကျစရိတ်၏ ၅၀% | လဲလှယ်ရန်ကုန်ကျစရိတ်အပြည့် | လဲလှယ်ရန်ကုန်ကျစရိတ်အပြည့် |
| စခရင်အစားထိုးခြင်း | $၁၀၀ | အခမဲ့ | ကုန်ကျစရိတ်၏ ၅၀% | လဲလှယ်ရန်ကုန်ကျစရိတ်အပြည့် |
| ဘက်ထရီ သက်တမ်းမပြည့်မီ လဲလှယ်ခြင်း | $၆၅ | အခမဲ့ | ကုန်ကျစရိတ်၏ ၅၀% | လဲလှယ်ရန်ကုန်ကျစရိတ်အပြည့် |
| ကီးဘုတ်လဲလှယ်ခြင်း | $၅၀ | အခမဲ့ | ကုန်ကျစရိတ်၏ ၅၀% | လဲလှယ်ရန်ကုန်ကျစရိတ်အပြည့် |
| အားသွင်းစက် လဲလှယ်ခြင်း | $၃၅ | အခမဲ့ | ကုန်ကျစရိတ်၏ ၅၀% | လဲလှယ်ရန်ကုန်ကျစရိတ်အပြည့် |

ကျောင်းသားများ နှင့် ၄င်းတို့၏ မိဘ/အုပ်ထိန်းသူများသည် ၄င်းတို့၏ ၁:၁ ကိရိယာများကို ကိုယ်တိုင်ပြင်ဆင်ခြင်းကို တားမြစ်ထားပါသည်။ **မည်သည့် အခြေအနေတွင်မျှ ကျောင်းသားများသည် ၄င်းတို့၏ ကွန်ပြူတာများကို ပြင်ပကုမ္ပဏီ သို့ ယူဆောင်သွားခွင့် မရှိပါ။** ပြင်ဆင်မှု၊ နည်းပညာ အထောက်အပံ့ နှင့် ပြဿနာဖြေရှင်းခြင်းအားလုံးကို အယ်လ်ဘေးနီ စီးတီးကျောင်းခရိုင်၏ နည်းပညာဌာနမှာသာ ကိုင်တွယ်ဖြေရှင်းရမည် ဖြစ်ပါသည်။

# ကျောင်းသား သဘောတူညီချက်

အယ်လ်ဘေးနီ စီးတီကျောင်းခရိုင်သည် ကွန်ပြူတာ ကိရိယာများကို တစ်ယောက်တစ်လုံးစီ သုံးနိုင်စေခြင်းအား ပညာရေး အစီအစဥ်၏ အုတ်မြစ်တစ်ခုအနေဖြင့် ရှုမြင်ထားပါသည်။ ကျောင်းတွင်း နှင့် ကျောင်းပြင်ပတွင် ကျောင်းသားတစ်ယောက်ချင်းစီကို ခရုန်းဘုတ် တစ်လုံးစီ ထုတ်ပေးခြင်းအားဖြင့် တည်နေရာပေါ်မမူတည်ဘဲ ကျောင်းသားများအား လေ့လာမှုတွင် ပါဝင်နိုင်ရန်၊ ပူးပေါင်းဆောင်ရွက် နိုင်ရန်၊ ကိုယ်တိုင်လမ်းပြနိုင်ရန် နှင့် အခွင့်အာဏာပိုရစေရန်ဟူသော ရည်မှန်းချက်များကို ပိုမိုအောင်မြင်စေနိုင်မည် ဖြစ်ပါသည်။ ကျောင်းသားများသည် ခရိုင် နည်းပညာ နှင့် ကွန်ယက် အရင်းအမြစ်များကို တာဝန်ခံမှုရှိရှိဖြင့် အသုံးပြုကြရန် နှင့် မိဘများသည် ကျောင်းခရိုင်နှင့် ပူးပေါင်းပြီး ခရိုင်ကထုတ်ပေးသည့် ကိရိယာများကို ခရိုင်၏ မူဝါဒများ နှင့် လမ်းညွှန်ချက်များအတိုင်း အသုံးပြုစေရန် ပူးပေါင်းဆောင်ရွက်ကြလိမ့်မည် ဟု မျှော်လင့်ပါသည်။

ကျောင်းသားများသည် ကျောင်းဝန်းအတွင်းတွင်ဖြစ်စေ ကျောင်းဝန်းပြင်ပတွင်ဖြစ်စေ ကျောင်းမတက်ခင်၊ ကျောင်းတက်နေစဉ် နှင့် ကျောင်းပြီးဆုံးချိန်များတွင် အောက်ပါဝတ္တရားများကို လိုက်နာပါမည်ဟု သဘောတူညီပါသည်။

- ခရုန်းဘုတ်တစ်ယောက်တစ်လုံးစီ လက်စွဲစာအုပ် နှင့် ၎င်း မူဝါဒများတွင် ဖော်ပြထားသည့် လမ်းညွှန်ချက်များကိုလိုက်နာပြီး ကိရိယာကို တာဝန်ခံမှုရှိရှိ ကျင့်ဝတ်အပြည့်ဖြင့် အသုံးပြုပါ။
    - ❖ ကွန်ပြူတာ ကွန်ယက် နှင့် အင်တာနက် မှန်မှန်ကန်ကန် အသုံးပြုရေး (၄၅၂၆၊ ၄၅၂၆.၁ နှင့် ၄၅၂၆အော)
    - ❖ ကိုင်တွယ်လုပ်ဆောင်ပုံ ကျင့်ဝတ် (၅၃၀၀)
    - ❖ ခရိုင်ကပိုင်သည့် ပစ္စည်း နှင့် ကိရိယများကို ခွင့်ပြုချက်ဖြင့် အသုံးပြုခြင်း (၈၃၃၀)
- သင်ယူမှု နှင့် ကျောင်းနှင့်သင့်တင့်လျောက်ပတ်သော ကိစ္စရပ်များကို အထောက်အပံ့ပြုရန်အတွက်သာ နည်းပညာကို သုံးပါ။
- ကိရိယာကို ထိန်းသိမ်းစောင့်ရှောက်ပြီး မထိခိုက်စေရဟူသောစိတ်မျိုးထားခြင်းဖြင့် ကိရိယာကို မထိခိုက်အောင်သုံးပါ။
- မသင့်လျော်သော၊ အန္တရာယ်ရှိသော၊ ခြိမ်းခြောက်သော သို့မဟုတ် သက်တောင့်သက်သာမရှိသော အချက်အလက်များ၊ ပုံရိပ်များ သို့မဟုတ် မက်ဆေ့ချ်များကို တွေ့ပါက ဝန်ထမ်း သို့မဟုတ် မိဘ/အုပ်ထိန်းသူများကို ချက်ချင်း အကြောင်းကြားပါ။
- ကိရိယာကို အချိန်တိုင်းတွင် လုံခြုံစွာထားပါ။
- ခရုန်းဘုတ်ကို အားအပြည့်သွင်းပြီး နေ့တိုင်း ကျောင်းသို့ယူလာပါ။
- ကျောင်းစာသင်နှစ်ပြီးဆုံးချိန် (သို့မဟုတ် ကျောင်းသား စာရင်းပေးသွင်းမှု) တွင် ထုတ်ပေးထားသော ခရုန်းဘုတ်ကို ထုတ်ပေးထားသည့် အချိန်က အနေအထားအတိုင်း ပြန်အပ်ရမည်။ ကျောင်းသားတစ်ယောက် ခရိုင်မှထွက်သွားပါက ကိရိယာကို နောက်တစ်ယောက်က အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ကိရိယာကို ပြန်အပ်နံ့ရန် ပျက်ကွက်ပါက ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရပါလိမ့်မည်။

ကျွန်ုပ်၏ ကလေး နှင့် ကျွန်ုပ်သည် ဤပုံစံ နှင့် ခရုန်းဘုတ်တစ်ယောက်တစ်လုံးစီ လက်စွဲစာအုပ် တွင်ဖော်ပြထားသည့် ဝတ္တရားများ နှင့် မျှော်လင့်ချက်များကို ဖတ်ရှု၊ ဆွေးနွေးပြီး သဘောတူညီပါသည်။

**ကျောင်းသား ခံဝန်ချက်**

ကျောင်းသား ၏ အမည် (ပုံနှိပ်)။ ______________________________ ကျောင်းသား ၏ အိုင်ဒီ။ ___________________

ကျောင်းသား ၏ လက်မှတ်။ ______________________________ ရက်စွဲ။ ____________________

**မိဘ ခံဝန်ချက်**

မိဘ ၏ အမည်။ _______________________________ ရက်စွဲ။ ____________________

မိဘ ၏ လက်မှတ်။ _______________________________